ပဲခူးတိုင်းဒေသကြီး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
တောင်ငူမြို့
အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်ကြော်ငြာစာ
ကြော်ငြာစာအမှတ်( ၁ /၂၀၂၅)
ရက်စွဲ၊ ၂၀၂၅ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်
၁၃၈၇ ခုနှစ်၊ နတ်တော်လ ၁၄ ရက်

၁။ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ် ဧပြီလ (၁) ရက်မှ ၂၀၂၇ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ) တစ်နှစ်တာကာလအတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ပူးတွဲပါဇယားအတိုင်း သားသတ်လိုင်စင်များနှင့် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်များအား သီးခြားညွှန်ကြားချက်ပါအတိုင်းဆောင်ရွက်ခြင်း၊ အပေါင်ဆိုင်လိုင်စင်များအား သတ်တမ်းတိုးစနစ်နှင့် ကျန်လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဖွဲ့မှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသူ မည်သူမဆို အောက်ပါအစီအစဉ်အတိုင်း လာရောက်ဆွဲဝယ်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

### အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချသည့်အစီအစဉ်

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့်နေရက်နှင့် အချိန် | POP ပေးသွင်းပြီး လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံး နေ့ရက်/အချိန် | လေလံရောင်းချမည့် နေရာ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၂-၁-၂၀၂၆ (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ | ၉-၁-၂၀၂၆ (သောကြာနေ့) ညနေ (၁၆:၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၂ | ဒုတိယအကြိမ် | ၂၀-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ | ၁၉-၁-၂၀၂၆ (တနင်္လာနေ့ ) ညနေ (၁၆:၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၃ | တတိယအကြိမ် | ၂၇-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ | ၂၆-၁-၂၀၂၆ (တနင်္လာနေ့ ) ညနေ (၁၆:၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၄ | ချိတ်ပိတ်တင်ဒါ | ၃-၂-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ | ၂-၂-၂၀၂၆ (တနင်္လာနေ့ ) ညနေ (၁၆:၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၅ | အခြားနည်း | ၁၀-၂-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ | ၉-၂-၂၀၂၆ (တနင်္လာနေ့ ) ညနေ (၁၆:၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |

၃။ လိုင်စင်ဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့် ကိုက်ညီမှသာ လိုင်စင်ဆွဲဝယ်ခွင့်ရှိရမည်။

(က) ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျက်ရှိသော လိုင်စင်စီဟောင်း မဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့် မြို့နယ်အတွင်း အနည်းဆုံး (၁)နှစ် နေထိုင်ပြီးသူဖြစ်ရမည် ထိုသို့နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စုစာရင်း(လဝကပုံစံ ၆၆/၆) တင်ပြနိုင်ရမည်။

(ခ) လိုင်စင်စည်းကမ်းညွှန်ကြားချက်များနှင့် ကိုက်ညီသူ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။ အိမ်ထောင်စု၊ လူဦးရေ(လဝကပုံစံ- ၆၆/၆) စာရင်း(မူရင်း)ကိုပါ တင်ပြနိုင်သူ ဖြစ်ရမည်။

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်းကို တင်ပြနိုင်သော အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) အခွန်၊အခကြွေးကျန်မရှိသူ ဖြစ်ရမည့်အပြင် အမှုအခင်းနှင့် ပြဿနာများ ကင်းရှင်းသူ ဖြစ်ရမည်။

၄။ ကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ အောက်ပါပုဂ္ဂိုလ်များအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည် မဟုတ်ပါ။

(က) အမည်ပျက်စာရင်း တင်သွင်းကြော်ငြာ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူ နေအိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်ခြင်းခံရသူများ၊

(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးငွေ ပေးဆောင်ရန်နှင့် အခြားအခွန်၊ အခ၊ အကောက် ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသူများ၊

၆။ ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ် ဧပြီလ (၁)ရက်မှ ၂၀၂၇ခုနှစ် မတ်လ (၃၁)ရက်အထိ) တစ်နှစ်တာကာလ) အတွက် တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လေလံတင် ရောင်းချမည်ဖြစ်သော အရပ်ရပ် အခွင့်အရေးလိုင်စင်များအတွက် ကြိုတင် တင်သွင်းထားရှိရမည့် သတ်မှတ်ထားသော စားပွဲတင်အာမခံငွေများကို သတ်မှတ်ထားသည့်နေ့ရက်များအတိုင်း နောက်ဆုံးထား၍ လေလံဆွဲဝယ်သူမှ တောင်ငူမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပုဂ္ဂလိက စာရင်းရှင် အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် (P.O.P) (Payment Order Private)ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေ တင်သွင်းမှု အထောက် အထားအဖြစ် တင်ပြရမည်။ နောက်ကျတင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ (P.O.P) (Payment Order Private) များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ လိုင်စင်ဆွဲဝယ်သူသည် လိုင်စင်ကြေး ကျပ်(၂၀)သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

၈။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး လိုင်စင်အောင်မြင်သူများ၏ ၎င်းအာမခံအပ်ငွေများကို လိုင်စင်စည်းကမ်းနှင့်အညီပေးသွင်းရမည့် လေလံကြေးမှ ခုနှိမ်၍ အာမခံငွေ (၁၀ပုံ ၁ပုံ)နှင့် လိုင်စင်ကြေး

(၅ပုံ ၁ပုံ) (သို့မဟုတ်) (၂ပုံ ၁ပုံ) (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) လိုင်စင်ကြေး အကြေ ပေးသွင်း ငွေများကို (P.O.P) များတွင်ပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှ ဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့် လည်းကောင်း အကြေပေးသွင်းရမည်။

၉။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ (၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း နှင့် မိတ္တူ၊

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အခြား မြို့နယ်မှဖြစ်ပါက အမည်ပျက်စာရင်း တင်သွင်းကြေညာခံရသူမဟုတ်ကြောင်း သက် ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံ တင်သွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့် (P.O.P) (Payment Order Private)

(ဃ) သက်ဆိုင်ရာ လိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်း မရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း (အဆောက်အဦ၊ အိမ်၊ မြေ)နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ (အိမ်၊ မြေ၊ ဂရန် စသည့်မူရင်းအထာက်အထားများ) (သို့) ဆွဲဝယ်ရရှိသူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစု စာအုပ်မူရင်း(မြန်မာ့စီးပွားရေးဘဏ်)၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦ၊ အိမ်၊ မြေ)၏ ရှေ့နောက်၊ ဝဲ/ယာ ဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦ၊ မြေတည်ရှိရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးဖြတ် စိစစ်ရေးအဖွဲ့၏ စိစစ်တင် ပြချက်အပေါ် အမှုဆောင်အရာရှိ ထောက်ခံချက်ပါ မြေအိမ် အဆောက်အဦ၏ ကာလ တန်ဘိုးစိစစ်ချက်၊

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက် ၊

(ဈ) လိုင်စင်ဆွဲဝယ်သူသည် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

၁၀။ သတ်မှတ်ချိန်ထက်ကျော်လွန်နောက်ကျမှ တင်သွင်းလာသော လျှောက်လွှာများအား မည်သည့် အကြောင်းနှင့်မျှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လိုင်စင်ဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင် အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို

ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်းခံရမည့် အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၂။ အခွင့်အရေးလိုင်စင်များတစ်ခုချင်း ရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာအမည် စာရင်းတင်သွင်းသူကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့် အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ အမှန်တကယ် ဆွဲဝယ်လုပ်ကိုင်မည့် သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိပါက အလုပ်ဝတ္တရား နောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၃။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုချင်း အလိုက်သော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအလိုက် သက်တမ်းတိုးစနစ် အညီအမျှခွဲဝေချထားသည့် စနစ် ဈေးပြိုင်စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မှတစ်ပါး မည်သည့် ပုဂ္ဂိုလ် အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၄။ လေလံဆွဲဝယ်ခွင့် လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမ အတွင်း ဝင်ရောက်ခြင်းမရှိသူများအား လည်းကောင်း၊ လေလံခန်းမအတွင်း လိုင်စင်တစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ် သိမ်းယူပြီး အမည်ပျက်စာရင်း တင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင် ဆွဲဝယ်မည့် လေလံကြေးသည် ကြမ်းခင်းဈေး၏ (၅၀%)နှင့် အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၅။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက လေလံ ရောင်းချရေးအဖွဲ့ အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီး နောက်တစ်ကြိမ် ပြန်လည် ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှတ်တွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၆။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူ တောင်းခံကြောင်း တိကျစွာ ဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူ နှစ်ဦးစလုံးအား လိုင်စင်ဆွဲဝယ်ခွင့်ကို ရုတ်သိမ်းပြီး ၎င်းတို့ အသီး သီးတင်သွင်းထားသော စားပွဲတင် အာမခံငွေများကို အဖွဲ့ပိုင်အဖြစ် သိမ်းယူမည်။ ထို့အပြင် ၎င်းတို့ အား အမည်ပျက်စာရင်းတင်သွင်းကြေညာမည်။ လိုင်စင်ချထားပြီးဖြစ်ပါက လိုင်စင်ကို ပြန်လည်ရုတ် သိမ်း၍ အသစ်တစ်ဖန် ပြန်လည်ရောင်းချမည်။

၁၇။ လိုင်စင်ဆွဲဝယ်ယှဉ်ပြိုင်သူ တစ်ဦးတစ်ယောက်သည် လိုင်စင်ဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့် လိုင်စင်ဆွဲဝယ်ရာတွင် သတ်မှတ်ထားသော လိုင်စင်စည်းကမ်းများနှင့် မကိုက်ညီဘဲ မမှန်မကန် လိမ်ညာ၍ ဆွဲဝယ်ရခြင်း ဖြစ်ကြောင်း ခိုင်လုံစွာ စစ်ဆေးတွေ့ရှိရပါက လိုင်စင်ချထားခြင်းကို ပြန်လည် ရုတ်သိမ်း၍ စည်းကမ်းများနှင့်အညီ ပြန်လည် ရောင်းချမည်။ ထို့အပြင် တင်သွင်းထားသော အာမခံငွေ များကို အဖွဲ့ပိုင်အဖြစ် သိမ်းယူ၍ အမည်ပျက်စာရင်းတင်သွင်းသတ်မှတ်မည်။

၁၈။ လေလံရောင်းချသည့် မြို့ရွာဝင်ကုန်စည်ခွန်၊ မြို့တွင်းရပ်နားဘီးခွန်နှင့် ယာဉ်ရပ်နားစခန်းဝင်ကြေးလိုင်စင်များအား လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်မှုရှိခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ၎င်းလိုင်စင်(၃)ခုအား ပူးတွဲရောင်းချမည်ဖြစ်ပါသည်။

၁၉။ လေလံရောင်းချသည့် အင်ဒိုင်းဈေးကောက်၊ ကေတုမတီမြို့သစ်ဈေးကောက်၊ အင်ဒိုင်းဈေးဂေါ်ဘီးအပ်လိုင်စင်များအား လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ၎င်းလိုင်စင် (၃)ခုအား ပူးတွဲရောင်းချမည်ဖြစ်ပါသည်။

၂၀။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့၊ ဖုန်းအမှတ် - ၀၅၄-၂၈၂၃၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

(signature)

အမှုဆောင်အရာရှိ

(ထွန်းဇော်မိုး၊ ဒုတိယညွှန်ကြားရေးမှူး)

စာအမှတ်၊ ၃၁၇၅ / ဃ-၂ / တင - ၁ (၀၀၁)

ရက် စွဲ ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်

ဖြန့်ဝေခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး —————————မြို့

အုပ်ချုပ်ရေးမှူး(            )ရပ်ကွက်၊အုပ်ချုပ်ရေးမှူးရုံး၊ တောင်ငူမြို့ (မိမိရပ်ကွက်အတွင်း အသိပေးကြော်ငြာပေးပါရန်)

အုပ်ချုပ်ရေးမှူး(            )ရပ်ကွက်၊အုပ်ချုပ်ရေးမှူးရုံး၊ကေတုမတီမြို့ (မိမိရပ်ကွက်အတွင်းအသိပေးကြော်ငြာပေးပါရန်)

ဈေးတာဝန်ခံများအားလုံး(မြို့မဈေးကြီး၊ ဘုရင့်နောင်ဈေး၊ ဓါတုကလျာဈေး၊ နှစ်ထပ်ဈေးကုန်စိမ်းဈေး၊ အင်ဒိုင်းဈေး၊ ကေတုမတီဈေး(ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန်)

လေလံဆွဲဝယ်မည့်လိုင်စင်စီများအားလုံး

ဈေးများအားလုံး(အများပြည်သူသိရှိရန်အတွက်ကြော်ငြာပေးရန်)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ တောင်ငူမြို့

ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ တောင်ငူမြို့

ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ငူမြို့

မြို့အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကေတုမတီမြို့

ရုံးလက်ခံ/ မျှောစာတွဲ

## တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၇ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ တစ်နှစ်တာကာလ) အတွက် သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်မည့်

## အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေ အတွက် | ကြမ်းခင်းဈေး (ကျပ်) | တးပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြို့ပေါ်အမဲလိုင်စင် | ၁ | ၂၈၂၀၀၀၀၀ | ၁၄၁၀၀၀၀၀ | သက်တမ်းတိုးစနစ် |
| ၂ | ကျေးလက်အမဲလိုင်စင် | ၁ | ၅၀၅၀၀၀၀ | ၂၅၂၅၀၀၀ | သက်တမ်းတိုးစနစ် |
| ၃ | မြို့ပေါ်ဝက်လိုင်စင် | ၁ | ၆၇၈၀၀၀၀၀ | ၃၃၉၀၀၀၀၀ | သက်တမ်းတိုးစနစ် |
| ၄ | ကျေးလက်ဝက်လိုင်စင် | ၁ | ၁၈၄၀၀၀၀၀ | ၉၂၀၀၀၀၀ | သက်တမ်းတိုးစနစ် |
| ၅ | မြို့ပေါ်ဆိတ်လိုင်စင် | ၁ | ၁၂၀၀၀၀၀၀ | ၆၀၀၀၀၀၀ | သက်တမ်းတိုးစနစ် |
| ၆ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၁ | ၄၈၃၂၀၀၀၀၀ | ၂၄၁၆၀၀၀၀၀ | သက်တမ်းတိုးစနစ် |
| ၇ | ကျွန်းကုန်းအပေါင်ဆိုင် | ၁ | ၁၉၉၈၀၀၀ | ၉၉၉၀၀၀ | သက်တမ်းတိုးစနစ် |
| ၈ | ကေတုမတီမြို့သစ်အပေါင်ဆိုင်(၃) | ၁ | ၂၃၈၅၀၀၀ | ၁၁၉၂၅၀၀ | သက်တမ်းတိုးစနစ် |
| ၉ | ကေတုမတီမြို့သစ်အပေါင်ဆိုင်(၄) | ၁ | ၁၈၈၉၀၀၀ | ၉၄၄၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၀ | နှစ်ဆောင်ပြိုင်(မဟင်)ကျေးရွာအပေါင်ဆိုင် | ၁ | ၁၂၄၇၀၀၀ | ၆၂၃၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၁ | ရပ်ကွက်(၁)အပေါင်ဆိုင် | ၁ | ၁၁၉၉၀၀၀ | ၅၉၉၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၂ | ရပ်ကွက်(၂)အပေါင်ဆိုင်(၁) | ၁ | ၁၁၀၂၀၀၀ | ၅၅၁၀၀၀ | သက်တမ်းတိုးစနစ် |
| ၁၃ | ရပ်ကွက်(၂)အပေါင်ဆိုင်(၂) | ၁ | ၁၂၃၅၀၀၀ | ၆၁၇၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၄ | ရပ်ကွက်(၄)အပေါင်ဆိုင်(၁) | ၁ | ၁၂၃၅၀၀၀ | ၆၁၇၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၅ | ရပ်ကွက်(၄)အပေါင်ဆိုင်(၂) | ၁ | ၈၀၇၀၀၀ | ၄၀၃၅၀၀ | သက်တမ်းတိုးစနစ် |
| ၁၆ | ရပ်ကွက်(၅)အပေါင်ဆိုင် | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးစနစ် |
| ၁၇ | ရပ်ကွက်(၈)အပေါင်ဆိုင် | ၁ | ၁၁၀၂၀၀၀ | ၅၅၁၀၀၀ | သက်တမ်းတိုးစနစ် |
| ၁၈ | ရပ်ကွက်(၉)အပေါင်ဆိုင် | ၁ | ၁၁၀၂၀၀၀ | ၅၅၁၀၀၀ | သက်တမ်းတိုးစနစ် |
| ၁၉ | ရပ်ကွက်(၁၃)အပေါင်ဆိုင်(၁) | ၁ | ၁၁၉၉၀၀၀ | ၅၉၉၅၀၀ | သက်တမ်းတိုးစနစ် |
| ၂၀ | ရပ်ကွက်(၁၃)အပေါင်ဆိုင်(၂) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးစနစ် |

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေအတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၂၁ | ရပ်ကွက်(၁၄)အပေါင်ဆိုင်(၁) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၂ | ရပ်ကွက်(၁၅)အပေါင်ဆိုင်(၁) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၃ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၁) | ၁ | ၁၁၉၉၀၀၀ | ၅၉၉၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၄ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၂) | ၁ | ၁၂၃၅၀၀၀ | ၆၁၇၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၅ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၄) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၆ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၅) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၇ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၈) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၈ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၉) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၂၉ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၁၀) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၀ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၁) | ၁ | ၁၁၉၉၀၀၀ | ၅၉၉၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၁ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၂) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၂ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၄) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၃ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၅) | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၄ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၆) | ၁ | ၈၉၇၀၀၀ | ၄၄၈၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၅ | ရပ်ကွက်(၁၉)အပေါင်ဆိုင် | ၁ | ၈၁၂၀၀၀ | ၄၀၆၀၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၆ | ရပ်ကွက်(၂၃)အပေါင်ဆိုင်(၁) | ၁ | ၁၂၃၅၀၀၀ | ၆၁၇၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၇ | ရပ်ကွက်(၂၃)အပေါင်ဆိုင်(၂) | ၁ | ၁၀၀၅၀၀၀ | ၅၀၂၅၀၀ | သက်တမ်းတိုးခနှုန်း |
| ၃၈ | ကံရိုးကျေးရွာအပေါင်ဆိုင် | ၁ | ၁၀၀၅၀၀၀ | ၅၀၂၅၀၀ | သက်တမ်းတိုးခနှုန်း |

## တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၇ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ တစ်နှစ်တာကာလ) အတွက် ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်မည့် အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေအတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင်ဈေးကောက် | ၁ | ၂၆၃၄၅၀၀၀ | ၁၃၁၇၂၅၀၀ | ဈေးပြိုင်စနစ် |
| ၂ | ဓါတုကလျာဈေးကောက် | ၁ | ၃၁၆၃၀၀၀ | ၁၅၈၁၅၀၀ | ဈေးပြိုင်စနစ် |
| ၃ | ကျွန်းကုန်းဈေးကောက် | ၁ | ၁၆၆၄၀၀၀ | ၈၃၂၀၀၀ | ဈေးပြိုင်စနစ် |
| ၄ | အင်ဒိုင်းဈေးကောက် | ၁ | ၂၈၉၂၀၀၀ | ၁၄၄၆၀၀၀ | ဈေးပြိုင်စနစ်ဖြင့် ပူးတွဲရောင်းချမည် |
| ၅ | ကေတုမတီမြို့သစ်ဈေးကောက် | ၁ | ၆၅၄၃၀၀၀ | ၃၂၇၁၅၀၀ | |
| ၆ | အင်ဒိုင်းဈေးစက်ဘီးအပ် | ၁ | ၃၉၆၀၀၀ | ၁၉၈၀၀၀ | |
| ၇ | ဘုရားဈေးကောက် | ၁ | ၅၄၅၇၇၀၀၀ | ၂၇၂၈၈၅၀၀ | ဈေးပြိုင်စနစ် |
| ၈ | နွားပွဲဈေးကောက် | ၁ | ၃၉၆၀၀၀၀ | ၁၉၈၀၀၀၀ | ဈေးပြိုင်စနစ် |
| ၉ | ဒိုးအင်း-ပဒဲ(တောင်+မြောက်ပိုင်း)ကူးတို့ | ၁ | ၂၉၇၀၀၀၀ | ၁၄၈၅၀၀၀ | ဈေးပြိုင်စနစ် |
| ၁၀ | ဆင်ရွာ-ရွာတန်းရှည်ကူးတို့ | ၁ | ၈၈၀၀၀၀၀ | ၄၄၀၀၀၀၀ | ဈေးပြိုင်စနစ် |
| ၁၁ | ဈေးကြီးငါးတန်းမိလ္လာ | ၁ | ၁၄၂၅၆၀၀၀ | ၇၁၂၈၀၀၀ | ဈေးပြိုင်စနစ် |
| ၁၂ | ဈေးကြီးစက်တန်းမိလ္လာ | ၁ | ၁၄၁၆၈၀၀၀ | ၇၀၈၄၀၀၀ | ဈေးပြိုင်စနစ် |
| ၁၃ | ညောင်ပင်လေးဈေးမိလ္လာ | ၁ | ၈၂၂၅၀၀၀ | ၄၁၁၂၅၀၀ | ဈေးပြိုင်စနစ် |
| ၁၄ | ဘုရင့်နောင်ဈေးမိလ္လာ | ၁ | ၁၇၀၀၆၀၀၀ | ၈၅၀၃၀၀၀ | ဈေးပြိုင်စနစ် |
| ၁၅ | ဘုရားဈေးမိလ္လာ | ၁ | ၁၉၅၈၀၀၀ | ၉၇၉၀၀၀ | ဈေးပြိုင်စနစ် |
| ၁၆ | နှစ်ထပ်ဈေးရှေ့မိလ္လာ | ၁ | ၂၉၁၅၀၀၀ | ၁၄၅၇၅၀၀ | ဈေးပြိုင်စနစ် |
| ၁၇ | ဗဟိုဈေးကြီးစက်ဘီးအပ် | ၁ | ၃၄၂၁၀၀၀၀ | ၁၇၁၀၅၀၀၀ | ဈေးပြိုင်စနစ် |
| ၁၈ | ဘုရင့်နောင်ဈေးစက်ဘီးအပ် | ၁ | ၁၇၃၈၀၀၀၀ | ၈၆၉၀၀၀၀ | ဈေးပြိုင်စနစ် |
| ၁၉ | ဘုရားဈေးစက်ဘီးအပ် | ၁ | ၁၀၈၉၀၀၀၀ | ၅၄၄၅၀၀၀ | ဈေးပြိုင်စနစ် |
| ၂၀ | မြို့ရွာဝင်ကုန်စည်ခွန် | ၁ | ၁၀၁၆၄၀၀၀ | ၅၀၈၂၀၀၀ | ဈေးပြိုင်စနစ်ဖြင့် ပူးတွဲရောင်းချမည် |
| ၂၁ | ယာဉ်ရပ်နားစခန်းဝင်ကြေး | ၁ | ၇၂၂၄၀၀၀ | ၃၇၆၂၀၀၀ | |
| ၂၂ | မြို့တွင်းရပ်နားဘီးခွန် | ၁ | ၁၄၃၀၀၀၀၀ | ၇၁၅၀၀၀၀ | |
| ၂၃ | သပြေစမ်းဝန်ထမ်းအိမ်ရာဈေးစက်ဘီးအပ်လိုင်စင် | ၁ | ၃၁၉၀၀၀၀ | ၁၅၉၅၀၀၀ | ဈေးပြိုင်စနစ် |